## မြောက်အမေရိကတိုက် အစ္စလာမ်သာသနာ

ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကို နိုင်ငံတို့ပါသော မြောက်အမေရိကတိုက်တွင် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစုဆန်းစတွင် အစ္စလာမ်သာသနာ တိုးပွားမှုမှာ သိသာထင်ရှားသော အဆင့်တွင်ရှိပေသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံတွင် အစ္စလာမ်သာသနာသို့ ကူးပြောင်းမှု လှုလှိုင်းမှာ ၁၉၆၀ ပတ်ဝန်းကျင်တွင် အကြီးအကျယ် ဖြစ်ခဲ့သည်။ ၁၉၃၀ တွင် အမေရိကန်၌ အစ္စလာမ် နိုင်ငံတော် (**Nation of Islam**)ဟူသော အဖွဲ့ကို ဝလီဖာ့ဒ် မုဟမ္မဒ်က ထူထောင်ခဲ့ပြီး၊ လူမဲတို့အား သာသနာ ပြုလျှက် အမျိုးသားရေး စိတ်ကို သွင်းပေးခဲ့သည်။ ၁၉၃၄ တွင် ထိုအဖွဲ့အား အလီဂျာမုဟမ္မဒ်သည် ခေါင်းဆောင်ဖြစ်လာ၍ သူ့ကိုယ်သူ ဝလီဖာ့ဒ် ဖြစ်သည်ဟု ကြေငြာကာ အမေရိက ကမ္ဘာသစ်အတွက် တမန်တော်ဖြစ်သည်ဟု ကြေငြာခဲ့ပေသည်။ သူ၏သာသနာပြုမှုကြောင့် လူမည်းခေါင်းဆောင် ဖြစ်လာသော မဲလ်ကွန်အိက်စ်မှာ အစ္စလာမ်သာသနာသို့ ကူးပြောင်းခဲ့ပြီး အသားရောင်ခွဲခြားမှု ပပျောက်ရေး တိုက်ဖျက်မှုကာလအတွင်း လူဦးရေ သုံးသန်းမှ ခြောက်သန်းအထိ ကာလတိုအတွင်း အစ္စလာမ် သာသနာသို့ ကူးပြောင်းခဲ့ကြသည်။ ထို့နောက်တွင် အရှိန်လျော့ကျသွားသော်လည်း နေ့စဉ် ပျမ်းမျှ ၁၀ ဦးခန့် အစ္စလာမ် သာသနာ ဘက်သို့ ကူးပြောင်းလျှက် ရှိခဲ့သည်။ ထိုသို့ အစ္စလာမ်ထဲသို့ ကူးပြောင်းခံယူလာသော သူများမှ ရာနှုန်း အများစုသည် လက်တင်အမေရိက ဇာတိဘွားများဖြစ်၍– သူတို့၏ မိခင်ဇာတိတူ လူမျိုးများဖြစ်သော မက္ကဆီကိုမှ တိုင်းရင်းသားများနှင့် တောင်အမေရိကရှိ တိုင်းရင်းသားများထံသို့ အစ္စလာမ် သာသနာအား စတင် မိတ်ဆက်နေပြီဖြစ်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် ကမ္ဘာ့စီးပွားရေး ဗဟိုချက်မ (**World Trade Center**) အား တိုက်ခိုက်ခံရပြီး နောက်ပိုင်းတွင် အစ္စလာမ်သာသနာအား စိတ်ဝင်စားမှုမှာ ပြန်လည်နိုးကြားလာခဲ့ကာ ၂၀၀၄ ခုနှစ်အတွင်း လူဦးရေ ၆ သောင်းကျော်ခန့် အစ္စလာမ်ဘက်သို့ ကူးပြောင်းကာ ၂၀၀၅ ခုမှနောက်ပိုင်း လက်ရှိကာလအထိ နှစ်စဉ် ပျမ်းမျှ ၃ သောင်းမှ ၄ သောင်းအထိ နေ့စဉ် ပျမ်းမျှ လူဦးရေ ၁၀၀ ကျော်ခန့် အစ္စလာမ်သာသနာသို့ ကူးပြောင်းလျှက် ရှိပေသည်။

၁၉၈၀ ခုနောက်ပိုင်းတွင် ဘော့စ်နီးယား၊ မွန်တီနီဂရိုး၊ ရုရှား၊ ဆိုမားလီးယား၊ ဆူဒန်နှင့် အခြားသော ဒေသများမှ ပြောင်းရွှေ့လာသော အစ္စလာမ်လူဦးရေမှာလည်း အမေရိကန်နှင့် ကနေဒါတွင် အစ္စလာမ်ဘာသာဝင်များ တိုးပွားစေသော အကြောင်းရင်း တစ်ရပ်ထဲတွင် ပါဝင်နေပေသည်။ ၂၀၀၆ ခုနှစ် ယူအစ် သတင်းဂျာနယ်အရ အမေရိကန်တွင် မူဆလင်လူဦးရေမှာ ၁၀ ရာနှုန်းအထိ မြှင့်တက်လာပြီ ဖြစ်ကြောင်း ဖေါ်ပြထားသည်။

အမေရိကန် မူဆလင်များသည် နိုင်ငံရေး နယ်ထဲသို့လည်း ထိုးဖေါက်လာပြီဖြစ်၍ ၂၀၀၈ ခုမှစ၍၊ အမေရိကန် အစိုးရ အဖွဲ့တွင် အောက်လွှတ်တော် အမတ်အဖြစ် **ကီယက် အီလီဆင်** ပြီးလျှင် ဒုတိယမြောက် အောက်လွှတ်တော် အမတ်အဖြစ် **အင်ဒရီကာဆွန်** ဖြစ်လာခဲ့ပေသည်။ အင်ဒရီသည် အစ္စလာမ်ဘာသာသို့ ကူးပြောင်းလာသူဖြစ်၍ ပို၍ လူသိများပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com